# ကြော်ငြာစာ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန၊ ပြည်ကြီးမျက်ရှင်ယာဉ်ရပ်နား စခန်းမှ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် အမည်ပြောင်းခွင့်ပြုပါရန် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူရှိပါက ကြော်ငြာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထောက်အထားစာရွက်စာတမ်း အပြည့်အစုံနှင့်တကွ အခွန်ဌာနသို့ လာရောက်ကန့်ကွက်နိုင်သည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက အမည်ပြောင်းခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

| စဉ် | မူလအမည် | ပြောင်းရန်အမည် | အဆောက်/အခန်း |
|---|---|---|---|
| (က) | ဒေါ်ယဉ်ယဉ်မြ | ဦးမိုးဟိန်း | လူနေစားသောက်အခန်းအမှတ်(A-11) |
| (ခ) | ဒေါ်ယဉ်ယဉ်မြ | ဦးမိုးဟိန်း | လူနေစားသောက်အခန်းအမှတ်(A-12) |

**အခွန်ဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

# အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အပိုင်း(၃/၁)၊ ယခင်ဦးပိုင်အမှတ်(၅-က)၊ ဧရိယာ(၀ ဒသမ ၀၅၁၃)ဧက အကျယ်အဝန်းရှိ ဦးလှအောင် အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ အနောက်ဘက်ခြမ်း၊ ဧရိယာ(၀ ဒသမ ၀၂၂၆)ဧက၊ ယခု ဦးပိုင်အမှတ်(၅-ဆ)၊ ဧရိယာ(၀ ဒသမ ၀၂၂၆)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်အစိတ်အပိုင်းပေါ်ရှိ အာရ်စီ(၂)ထပ်ခွဲ အဆောက်အအုံ၊ သွယ်တန်းတပ်ဆင်ထားသော ရေ+မီး အပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အားလုံးတို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သန်းသန်းမြင့်(ဘ)ဦးမောင်ကိုကြီး(ခ)ဦးကိုကြီး(၉/မရမ(နိုင်)၀၄၁၁၅၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက နိုင်လုံသောစာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ**
**ဒေါ်အေးစန္ဒာထက်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**အကွက်(၅၁၄/၂)၊ ၃၂လမ်း၊ ၅၇လမ်းနှင့် ၅၈လမ်းကြား၊ ကန်ကောက်ရပ်ကွက်၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၈၅၀၄၉၃၉**

# အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ်(က-၄)၊ ဦးပိုင်အမှတ်(၁၀၀)၊ ဧရိယာ(၄၀×၆၀)ပေ အကျယ်အဝန်းရှိ ဦးညွှန့်လှိုင် အမည်ဖြင့် ချထားပေးသော စလစ်မြေကွက်ထဲမှ တောင်ဘက်ခြမ်း ဧရိယာ(၂၀×၆၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် ရေ+မီး ဆက်လက်သုံးစွဲခွင့်တို့နှင့်တကွ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံ၊ မြေပေါ်မြေအောက်နေထိုင်ပိုင်ဆိုင်အသုံးချအကျိုးခံစားခွင့် အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမျိုးကျော်(ဘ)ဦးကျော်ဝင်း(၁၂/သခန(နိုင်)၀၄၁၆၆၆)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါရောင်းချသည့်မြေကွက်၏ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက နိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေများထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝေဝေဖြိုး စဉ်-၁၂၅၆၉**
**တရားလွှတ်တော်ရှေ့နေ**
**၁၀၄-အေလမ်း၊ လမ်း ၅၀နှင့် ၅၁လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၁၁၁၂၂၂၃၊ ၀၉-၄၀၂၅၅၂၅၃၅**

# ဦးကျော်စိုး၏ (၁၆-၁-၂၀၂၆)ရက်စွဲပါ ကြေညာခြင်းအပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ မောင်ကျော်သန့် လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်တော်မှ မန္တလေးသတင်းစာတွင် (၅-၁၂-၂၀၂၅)ရက်နေ့၌ ဖခင်ဖြစ်သူ ဦးမောင်မောင်အမည်ပေါက်ပိုင်ဆိုင်သော စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ရှိ ဦးပိုင်အမှတ်-ခ/၁၈၃ အိမ်ပိုင်းမြေနှင့်ပတ်သက်၍ အများသိရှိနိုင်ရန် ကြေညာခဲ့ပြီးဖြစ်ပါသည်။ ထိုကြေညာချက်အပေါ် ဦးကျော်စိုး၏ ပြန်လည်ရှင်းလင်းကြေညာခြင်း၌ အရောင်းအဝယ်ပြုလုပ်ရာတွင် အဓိကဦးဆောင်သူဖြစ်သော ဦးသန်းမြင့်နှင့်ပတ်သက်၍ တစ်စုံတစ်ရာထည့်သွင်းဖော်ပြကြေညာထားခြင်းမရှိခဲ့ပါ။ (၁၆-၁၂-၂၀၂၀)ရက်စွဲပါ စာချုပ်ဆိုသည်မှာလည်း ဦးသန်းမြင့်နှင့် ဦးကျော်စိုးတို့ ပူးပေါင်းဆောင်ရွက်ပြုလုပ်ထားသည့် စာချုပ်ဖြစ်ပါသည်။ ကျွန်တော်မှ ဦးကျော်စိုးအား မည်သည့်ပိုင်းမြေကိုမှ ရောင်းချထားခြင်းမရှိပါ သတင်းစာတွင် အမှန်အတိုင်း ကြေညာထားခြင်းဖြစ်ပါသည်။ အထက်ပါပိုင်းမြေ၏ အရောင်းအဝယ်စာချုပ်နှင့်ပတ်သက်၍ ဦးကျော်စိုးအနေဖြင့် တစ်စုံတစ်ရာဆောင်ရွက်မည်ဆိုပါက ဦးသန်းမြင့်နှင့်သာ ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုပိုင်းမြေနှင့်ပတ်သက်ပြီး ကျွန်တော်အနေဖြင့် ဦးကျော်စိုးထံမှ ငွေကြေးတစ်စုံတစ်ရာရယူထားခြင်းမရှိသလို ရောင်းချရန် ကမ်းလှမ်းခဲ့ခြင်း၊ ရောင်းချခဲ့ခြင်း မရှိခဲ့ပါကြောင်း ထပ်မံကြေညာအပ်ပါသည်။ ကျွန်တော်တို့မှ အထက်ပါပိုင်းမြေနှင့်ပတ်သက်၍ လက်မှတ်များ ရေးထိုးပေးခဲ့ရခြင်းသည် ဦးသန်းမြင့်၏ စီစဉ်ညွှန်ကြားချက်အရ ပြုလုပ်ခဲ့ရခြင်းသာဖြစ်ပါသည်။ (၅-၁၂-၂၀၂၅)ရက်စွဲပါ ကျွန်တော်ကြေညာထားသည်ကို အကြောင်းပြုပြီး ကျွန်တော်အပေါ် တရားစွဲဆိုလာပါကလည်း အမှန်တရားအတွက် ဥပဒေနှင့်အညီ ပြန်လည်တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ပြန်လည်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**မောင်ကျော်သန့်**
**(၉/အမဇ(နိုင်)၀၆၀၀၀၁)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအုန်းကျော်မြင့်** (B.Sc.,P.G.D.L)
**အထက်တန်းရှေ့နေ(စဉ်-၅၁၃၃၄/၂၀၁၉)**
**ဖုန်း ၀၉-၉၅၁၁၆၂၈၂၁၊ ၀၉-၄၂၀၇၇၂၈၄၆**

# အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(အ-၁၈)၊ ဦးပိုင်အမှတ်(၆၆)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးလှဟန်အမည်ပေါက်ရှိသော ဂရန်မြေကွက်အတွင်းမှ မြောက်ဘက်ခြမ်း(၂၀×၆၀)ပေ အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဝီစိတွင်းအပါအဝင် ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိတို့က အရောင်းအဝယ်အရပ်ကတိစာချုပ်အဆင့်ဆင့်+ နိုတြီကိုယ်စားလှယ်ပါဝါအဆင့်ဆင့်တို့အရ တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဦးအေးနိုင်(ဘ)ဦးအုံးရွှေ(၉/ခမစ(နိုင်)၀၀၃၁၂၂)၊ ဒေါ်သိမ့်သိမ့်ဦး(ဘ)ဦးလှဦး(၉/ပကခ(နိုင်)၀၀၆၀၅၀)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက နိုင်လုံသည့် စာရွက်စာတမ်းမူရင်း၊ အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စင်စင်စိုး** (LL.B)
**တရားလွှတ်တော်ရှေ့နေ**
Office-**၇၁လမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား၊ မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၃၀၁၂၀၂၄၊ ၀၉-၉၇၃၈၁၃၄၅၄**

# စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက်ရှိ ဦးပိုင်အမှတ်(ခ/၁၈၃)၊ အိမ်ပိုင်းမြေနှင့်ပတ်သက်၍ အများသိရှိနိုင်ပါရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်တွင် နေထိုင်သော ကျွန်တော်ဦးမင်းသိန်း(၅/စကန(နိုင်)၂၀၄၅၆၁)၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက်ရှိ ဦးပိုင်အမှတ်(ခ/၁၈၃)အိမ်ပိုင်းမြေကို အစ်ကိုဖြစ်သူ ဦးမောင်မောင်က ကျွန်တော့်အား ရောင်းချခဲ့သည့်အတွက် (၅-၁-၂၀၀၉)ရက်တွင် အရောင်းအဝယ်စာချုပ်ပြုလုပ် လက်ရောက်ရယူခဲ့ပြီး ထရံကာ၊ သွပ်မိုးအဆောက်အအုံတစ်ခု ဆောက်လုပ်ခဲ့ပါသည်။ ပိုင်းမြေအတွင်း၌ အစောင့်အဖြစ်နေထိုင်ခွင့်ပြုပါရန် ကိုလှမျိုးအောင်တို့လင်မယားက ခွင့်တောင်းခံသည့်အတွက် ကျွန်တော်မှ နေထိုင်ခွင့်ပြုထားခဲ့သည်မှာ ယနေ့အချိန်ထိဖြစ်ပါသည်။

ကျွန်တော်က အဆိုပါအိမ်ပိုင်းမြေနှင့်ပတ်သက်၍ ကျွန်တော်သာ ပိုင်ဆိုင်သူဖြစ်ကြောင်းနှင့် ကျွန်တော်ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အမည်ပြောင်းလျှောက်ထားခြင်း၊ အရောင်းအဝယ်မှတ်ပုံတင်ဆောင်ရွက်ခြင်း၊ မြေငှားဂရန်လျှောက်ထားခြင်းများအား ခွင့်မပြုပါရန် ကန့်ကွက်စာများကို သက်ဆိုင်ရာဌာနများသို့ အကြိမ်ကြိမ်ပေးပို့ထားပါသည်။

ထိုပိုင်းမြေအတွင်းသို့ ဦးကျော်စိုးမှ တိုင်များစိုက်ခြင်း၊ လက်ရှိတိုင်များကို ဖျက်ဆီးခြင်းများ ပြုလုပ်သည့်အတွက် ကျွန်တော်မှ စစ်ကိုင်းမြို့နယ်တရားရုံးတွင် ဦးတိုက်လျှောက်ထားတရားစွဲဆိုခဲ့ပါသည်။ ထိုအမှုတွင် ဦးကျော်စိုးအား အကျိုးဖျက်ဆီးမှုဖြင့်သာ စွဲချက်တင်စစ်ဆေးခဲ့ရာ ဦးမင်းသိန်းအိမ်နှင့် တိုင်များ မဖျက်ဆီးပါ။ ဦးကျော်စိုး၏တိုင်များနှင့် သံဆန်ခါများဖြုတ်သိမ်းပြီးခဲ့ကြောင်း ထွက်ဆိုခဲ့ရာ အပြီးသတ်အမိန့်တွင် အပြစ်မရှိကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ ထိုအမှုတွင် အထက်ဖော်ပြပါ ပိုင်းမြေနှင့် ပတ်သက်၍ ဦးကျော်စိုးပိုင်ဆိုင်ကြောင်း တစ်စုံတစ်ရာထည့်သွင်းသုံးသပ်ဆုံးဖြတ်ထားခြင်းမရှိပါ။ အကျိုးဖျက်ဆီးမှုမမြောက်ကြောင်းသာ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါသည်။ သို့သော် ဦးကျော်စိုးက ကျွန်တော်စွဲဆိုသည့် အမှုရှုံးခြင်းသည် ကျွန်တော်မပိုင်ဆိုင်ဘဲ ၎င်းပိုင်၍သာဖြစ်သည်ဟု လိုရာဆွဲပြီး သက်ဆိုင်ရာဌာနများတွင် ထိုပိုင်းမြေသည် ၎င်းပိုင်သောကြောင့် တရားရုံးတွင် အနိုင်ရရှိသည်ဟုတင်ပြ၍ အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပြုလုပ်ခြင်း၊ မြေငှားဂရန်လျှောက်ထားခြင်းပြုလုပ်ခဲ့သည်ဟု စုံစမ်းသိရှိရပါသည်။ ကျွန်တော်မှ ကျွန်တော်ဝယ်ယူအကျိုးခံစားခွင့်ရှိသော အထက်ဖော်ပြပါ အိမ်ပိုင်းမြေနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ အဖြစ်မှန်ပေါ်ပေါက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာဌာနများသို့ မမှန်မကန်တင်ပြပြီး မြေငှားဂရန်ရရှိအောင် ဆောင်ရွက်ထားကြောင်း ပေါ်ပေါက်လာပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးမင်းသိန်း(၅/စကန(နိုင်)၂၀၄၅၆၁)**
**ပုလဲငွေရောင်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၇၆၇၁၀၁၄၄၇**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအုန်းကျော်မြင့်** (B.Sc.,P.G.D.L)
**အထက်တန်းရှေ့နေ(စဉ်-၅၁၃၃၄/၂၀၁၉)**
**ဖုန်း ၀၉-၉၅၁၁၆၂၈၂၁၊ ၀၉-၄၂၀၇၇၂၈၄၆**

# အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၄)၊ ဦးပိုင်အမှတ်(၇၁-ခ)ဟု ခေါ်တွင်သော ဧရိယာ(၀ ဒသမ ၀၂၇၆)ဧက အကျယ်အဝန်းရှိ ဒေါ်အေးအေးမိုး၏ အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ စီမံခန့်ခွဲပိုင်ခွင့်၊ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသူဟု အဆိုပြုသူ ဒေါ်အေးအေးမိုး(ဘ)ဦးကျော်မြိုင်(၅/စကန(နိုင်)၂၀၁၉၀၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူထံသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှလည်း အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသည့်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ နိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအတွက် ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နန်းအိရွှေစင်** (LL.B)
**တရားလွှတ်တော်ရှေ့နေ**
**အကွက်(မမ-၂၇)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၅၃၉၉၉၊ ၀၉-၆၉၃၉၉၉၁၁၃**

# အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြရည်နန္ဒာအိမ်ရာ၊ အကွက်အမှတ်(မမ-၂၈)၊ တိုက်အမှတ်(၂၂)၊ အခန်းအမှတ်(၁၆)၊ တတိယထပ်တိုက်ခန်းသည် ဒေါ်နန်းကြူကြူသင်း၏ အမည်ပေါက်တိုက်ခန်းဖြစ်ပြီး ယင်းတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော (ရေ+မီး)အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲပိုင်ခွင့်၊ လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသူဟု အဆိုပြုသူ ဒေါ်နန်းကြူကြူသင်း(ဘ)ဦးကိုကို(၁၃/ကမန(နိုင်)၀၉၂၈၄၇)ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူထံသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှလည်း အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသည့်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ နိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အရောင်းအဝယ်ကိစ္စနှင့် ၎င်း၏အမည်ပေါက် ပြောင်းလဲဆောင်ရွက်ရန်အတွက် ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နန်းအိရွှေစင်** (LL.B)
**တရားလွှတ်တော်ရှေ့နေ**
**အကွက်(မမ-၂၇)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၅၃၉၉၉၊ ၀၉-၆၉၃၉၉၉၁၁၃**

